# လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊
# အမျိုးသားညီညွတ်ရေးအစိုးရ

**အစိုးရ ရက်တစ်ရာပြည့်အစီရင်ခံစာ**

**ဇူလိုင် ၂၀၂၁**

# မာတိကာ


အနှစ်ချုပ်............................................................................................................3
၁။ ပြည်ထောင်စုဝန်ကြီး.................................................................................................3
၂။ ပြည်ထောင်စုဒုတိယဝန်ကြီး.........................................................................................4
၃။ သတင်းနှင့် ဆက်သွယ်ရေးဌာန........................................................................................5
၃.၁။ ထုတ်ပြန်ကြေငြာချက်များ.........................................................................................5
၃.၁.၁။ စစ်အာဏာသိမ်းမှု ရက်တစ်ရာပြည့် ထုတ်ပြန်ကြေငြာချက်.............................................5
၃.၁.၂။ ကမ္ဘာ့ဒုက္ခသည်များနေ့ ထုတ်ပြန်ကြေငြာချက်..........................................................5
၃.၁.၃။ နှိပ်စက်ညှဉ်းပန်းခံရသူများအား အကူအညီပေးရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာနေ့ ထုတ်ပြန်ကြေညာချက်.............................................................................6
၃.၁.၄။ Pride Month ထုတ်ပြန်ကြေငြာချက်......................................................................6
၃.၂.၅။ ကလေးသူငယ်အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ ထုတ်ပြန် ကြေငြာချက်...............................6
၃.၁.၆။ ကိုဗစ်တတိယလှိုင်းတုန့်ပြန်လုပ်ဆောင်နေမှုနှင့် ပတ်သက်သည့် ထုတ်ပြန်ကြေငြာချက်.......6
၃.၂။ သတင်းအချက်အလက်များ.........................................................................................7
၄။ မှတ်တမ်းနှင့် သုတေသနဌာန.........................................................................................7
၄.၁။ အခြေအနေ အစီရင်ခံစာများ.......................................................................................8
၄.၁.၁။ ကရင်နီပြည်နယ် အခြေအနေ.................................................................................8
၄.၁.၂။ LGBTIQ များ၏ အခြေအနေ...................................................................................8
၅။ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဌာန............................................................................8
၆။ ဥပဒေရေးရာဌာန.......................................................................................................9
၇။ နိဂုံး.......................................................................................................................9

# အနှစ်ချုပ်

လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာနသည် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ရေး၊ တရားမျှတမှုဖော်ဆောင်ရေးနှင့် အစိုးရတစ်ရပ်လုံး၏ လုပ်ငန်းများသည် လူ့အခွင့်အရေး စံချိန်စံနှုန်းများနှင့် ကိုက်ညီစေရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် စစ်ကောင်စီ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကို မှတ်တမ်းတင်ခြင်း၊ သုံးသပ်တင်ပြခြင်းတို့ကိုလည်းကောင်း၊ နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ ယန္တရားများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းတို့ကိုလည်းကောင်း၊ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အစိုးရ၏ လုပ်ငန်းများတွင် ဦးဆောင်မှုနှင့် အကြံပေးပါဝင်မှု အခန်းကဏ္ဍများမှ ပါဝင်ခြင်းတို့ကိုလည်းကောင်း လုပ်ဆောင်လျက်ရှိသည်။

ရိုဟင်ဂျာ အရေး ရပ်တည်ချက်စာတမ်း ဆွေးနွေးရေးဆွဲရာတွင် ပါဝင်ခြင်း၊ စစ်သည်များ လိုက်နာရမည့် ကျင့်ဝတ်များ ပြုစုခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးအခြေအနေ ပုံမှန်သုံးသပ်မှုလုပ်ငန်းစဉ် (Universal Periodic Review – UPR) တွင် ဦးဆောင်အကောင်အထည်ဖော်ခြင်း၊ ကုလသမဂ္ဂတွင် အသိအမှတ်ပြုမှု ရရှိစေရန် ပြင်ဆင်ခြင်းတို့ကို အလေးထားဆောင်ရွက်လျက်ရှိသည်။

ဝန်ကြီးဌာန၏ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အရပ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးကို မူတစ်ရပ်အနေဖြင့် ချမှတ်၍ လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းပြုစုခြင်းနှင့် UPR လုပ်ငန်းစဉ်များတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

# ၁။ ပြည်ထောင်စုဝန်ကြီး

လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ဝန်ကြီးဌာနကို ဖွဲ့စည်းပြီး နောက်ပိုင်းတွင် ရိုဟင်ဂျာ အရေး ရပ်တည်ချက် ကြေငြာစာတမ်းအတွက် သက်ဆိုင်ရာ အကျိုးသက်ဆိုင်သူများနှင့် ဆွေးနွေးညှိနှိုင်းတိုင်ပင်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး စစ်သည်များ လိုက်နာရမည့် code of conduct စသည့်နှစ်ခုကို ပြင်ဆင်ရေးဆွဲခဲ့သည်။ ၎င်းတို့ကို ပြင်ဆင်ရေးဆွဲပြီး နောက်တွင်လည်း သက်ဆိုင်ရာ အဖွဲ့အစည်း ၊ လူပုဂ္ဂိုလ်များနှင့် တွေ့ဆုံပြီး မူကြမ်းကို အတည်ပြုနိုင်ရန် အတွက် လုပ်ဆောင်ခဲ့ပါသည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီတွင် NUG ပါဝင်နိုင်ရန်အတွက်  မြန်မာနိုင်ငံ Special Advisory Council နှင့် (၂)ကြိမ် တွေ့ဆုံနိုင်ခဲ့ပြီး အစိုးရအဖွဲ့ နှင့် တွေ့ဆုံနိုင်ရန်အတွက်လည်း ပြင်ဆင်ခဲ့ပါသည် ။ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် တွမ် အင်ဒရူးနှင့်လည်း မေလ ၁၈ ရက်နေ့တွင် တွေ့ဆုံမှုများ လုပ်ဆောင်နိုင်ခဲ့ပြီး အစိုးရအဖွဲ့ နှင့်လည်း တွေ့ဆုံနိုင်ရန်စီစဉ်နိုင်ခဲ့ပါသည်။ တစ်ချိန်ထဲမှာပင် ကုလသမဂ္ဂ သံတမန်များနှင့် တွေ့ဆုံမှုများကို ယူကေ နှင့်  အမေရိကန် အဖွဲ့များအပါအဝ၍ သံရုံးများမှ စီမံဆောင်ရွက်သော တွေ့ဆုံပွဲများတွင် တက်ရောက်ပြော ကြားခဲ့ပါသည်။

ထို့အပြင် သံတမန်များနှင့် တွေ့ဆုံအပြီး မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ တင်ပြခြင်း ၊ NUG နှင့် ပတ်သက်သည့် အကြောင်းအရာများကို ဆွေးနွေးခြင်း ကို အမေရိကန် ၊ ယူကေ ၊ ဥရောပသမဂ္ဂ ၊ ပြင်သစ် ၊ ချက် ၊ ဒိန်းမတ် နိုင်ငံများနှင့် တွေ့ဆုံခဲ့ပါသည် ။ အာဆီယံတွင်ရှိသော သံတမန်များနှင့်လည်း တွေ့ဆုံခဲ့ပြီး အာဆီယံအရေးနှင့် ပါတ်သတ်ပြီး NUG ၏ သဘောထားများ၊ အာဆီယံနှင့်ပါတ်သတ်ပြီး ဆက်လက် လုပ်ဆောင်သင့်သော အကြံပေးမှုများကိုလည်း လုပ်ဆောင်ခဲ့ပါသည် ။

လက်ရှိအချိန်တွင် ပြည်ထောင်စုဝန်ကြီးအနေဖြင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးအခြေအနေ ပုံမှန်သုံးသပ်မှုလုပ်ငန်းစဉ် (Universal Periodic Review – UPR) များကို ဆောင်ရွက်နေပြီး အမျိုးသား ညီညွတ်ရေးအစိုးရ၏ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အရပ်ဘက်အဖွဲ့အစည်းများအကြား တွေ့ဆုံ ဆွေးနွေးမှုကို ဇူလိုင်လအတွင်း စီစဉ်ဆောင်ရွက်နိုင်ခဲ့သည်။

လူ့အခွင့်အရေးဆိုင်ရာ ပညာပေးလုပ်ငန်းအနေဖြင့်လည်း ပညာရေးဝန်ကြီးဌာန၏ အွန်လိုင်းသင်ကြားရေးအစီအစဉ်တစ်ခုတွင် နိုင်ငံတကာ လူ့အခွင့်အရေး ယန္တရားနှင့် ပတ်သက်၍ ဆွေးနွေးပို့ချခဲ့ပါသည်။ ထို့အပြင် ပညာရေးဝန်ကြီးဌာန၏ လူ့အခွင့်အရေးဆိုင်ရာ သင်ရိုးညွှန်းတမ်းရေးဆွဲရေး လုပ်ငန်းစဉ်တွင်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။

ယခုအခါတွင် ကုလသမဂ္ဂအထွေထွေ ညီလာခံတွင် ရင်ဆိုင်ရမည့် Credential Challenge အတွက် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်နေပြီး နိုင်ငံတကာ အသိုက်အဝန်း၊ ပြည်တွင်းအင်အားစုများနှင့် တွေ့ဆုံမှု ဆွေးနွေးမှုများကို စတင်ဆောင်ရွက်လျက်ရှိသည်။

# ၂။ ပြည်ထောင်စုဒုတိယဝန်ကြီး

ပြည်ထောင်စု ဒုတိယဝန်ကြီးအနေဖြင့် လူငယ်ရေးရာ အခမ်းအနားနှင့် တွေ့ဆုံပွဲများကို တက်ရောက်ခြင်း၊ အစိုးရအဖွဲ့အတွင်း အစည်းအဝေးများကို တက်ရောက်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတကာရောက် မြန်မာလူငယ်များ အစုအဖွဲ့များနှင့် တွေ့ဆုံခြင်းကို ဇူလိုင်လ ၁၁ ရက်နေ့တွင် ဆောင်ရွက်ခဲ့ပြီးနောက် ဇူလိုင်လ ၁၅ ရက်နေ့ ကမ္ဘာ့လူငယ်များ၏ အရည်အချင်းများနေ့အတွက် သဝဏ်လွှာပေးပို့ခဲ့ပါသည်။ မြန်မာကျောင်းသားသမဂ္ဂနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။ ပြည်ထောင်စု

ဒုတိယဝန်ကြီးအနေဖြင့် ဌာနတွင်း အစည်းအဝေးများ၊ ဝန်ကြီးဌာနများအကြားအစည်းအဝေးများနှင့် အစိုးရအဖွဲ့ လုပ်ထုံးလုပ်နည်းရေးဆွဲရေးအစည်းအဝေးများ၊ အပတ်စဉ် နိုင်ငံတကာရေးရာအစည်းအဝေး များတွက် ပါဝင်လျက်ရှိသည်။

# ၃။ သတင်းနှင့် ဆက်သွယ်ရေးဌာန

လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာနသည် ယခုအချိန်အထိ ထုတ်ပြန်ကြေငြာချက် ခြောက်စောင်အထိ ထုတ်ဝေခဲ့ပြီးဖြစ်ပြီးဖြစ်ပါသည်။

## ၃.၁။ ထုတ်ပြန်ကြေငြာချက်များ

### ၃.၁.၁။ စစ်အာဏာသိမ်းမှု ရက်တစ်ရာပြည့် ထုတ်ပြန်ကြေငြာချက်

စစ်အာဏာသိမ်းမှု ရက်တစ်ရာပြည့်နေ့တွင် စစ်ကောင်စီ၏ အကြမ်းဖက်မှုများသည် လူသားမျိုးနွယ် ကို ထိခိုက်စေသည့် ရာဇဝတ်မှုမြောက်သည်အထိ ရောက်ရှိနေပြီဖြစ်ကြောင်း သတိပေးပြီး၊ ဆက်လက် တာဝန်ထမ်းဆောင်နေကြသော တပ်မတော် ကြည်း။ ရေ၊ လေတပ်များ အပါအဝင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင် များအနေဖြင့် တချိန်တွင် ရာဇဝတ်မှုနှင့် အပြစ်ပေး အရေးယူခံရကာ ကျူးလွန်သူများအဖြစ် သမိုင်းတွင်ခံရ မည့်အခြေအနေမှ ရုန်းထွက်ပြီး အမှန်တရားအတွက် ပူးပေါင်းလက်တွဲသော ပြည်သူ့ဘက်တော်သားများ အဖြစ် ကူးပြောင်းလက်တွဲလာကြစေရန် ဖိတ်ခေါ်သည့် ကြေငြာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

### ၃.၁.၂။ ကမ္ဘာ့ဒုက္ခသည်များနေ့ ထုတ်ပြန်ကြေငြာချက်

နှစ်စဉ် ဇွန်လ ၂၀ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့ဒုက္ခသည်များနေ့တွင် အမျိုးသားညီညွတ်ရေး အစိုးရ၏ ဝန်ကြီးဌာနများဖြစ်ကြသော လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန၊ လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲ ရေး ဝန်ကြီးဌာနတို့၏ ပူးတွဲထုတ်ပြန်ချက်တစ်ရပ်ဖြင့် မြန်မာနိုင်ငံမှ ထွက်ပြေးတိမ်းရှောင်နေရသည့် ဒုက္ခသည်များ (Refugees)၊ ပြည်တွင်းစစ်ဘေးရှောင်များ (IDPs) နှင်တကွ ကမ္ဘာအဝှမ်းရှိဒုက္ခသည်များ၏ ကြံ့ကြံ့ခံရပ်တည်ရှင်သန်နိုင်သည့် စွမ်းပကားကို အလေးထား ဂုဏ်ပြုမှတ်တမ်းတင်ခဲ့သည်။ ထိုထုတ်ပြန် ကြေငြာချက်တွင် အိမ်နီးချင်းနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံမှ ရောက်ရှိလာသော ဒုက္ခသည်များကို ၎င်း

တို့၏ ဆန္ဒမပါပဲ အတင်းအကျပ် နေရပ်ပြန်မပို့ရန်၊ နိုင်ငံတကာ အဖွဲ့အစည်းများအနေဖြင့် ပြည်တွင်းစစ်ဘေးရှောင်များအတွက် အကူအညီများကို ဒေသခံအဖွဲ့အစည်းများ (CSOs, CBOs) မှတစ်ဆင့် ဖြန့်ဝေပေးရန် အစရှိသည့် တောင်းဆိုချက် ခြောက်ချက်ပါဝင်သည်။

## ၃.၁.၃။ နှိပ်စက်ညှဉ်းပန်းခံရသူများအား အကူအညီပေးရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာနေ့ ထုတ်ပြန်ကြေညာချက်

ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်သည့် ၂၀၂၂ ခုနှစ် နှိပ်စက်ညှဉ်းပန်းခံရသူများအား အကူအညီပေးရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာနေ့ အထိမ်းအမှတ် ထုတ်ပြန်ကြေညာချက်ကိုလည်း ထုတ်ပြန်ခဲ့သည်။ နောက်နောင်တွင် အပြစ်မဲ့ပြည်သူများအပေါ် နှိပ်စက်ညှဉ်းပန်းမှုများမကျူးလွန်အောင် ကာကွယ်တားဆီးနိုင်စေရန်အတွက် နှိပ်စက်ညှဉ်းပန်းမှုကို တားဆီးပေးရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ပြည်သူ့ရေးရာ နှင့် နိုင်ငံရေးအခွင့်အရေး သဘောတူစာချုပ် (International Covenant on Civil and Political Rights) နှင့် နှိပ်စက်ညှင်းပန်းမှုဆန့်ကျင်ရေး စာချုပ် (Convention Against Torture) ကို အမြန်ဆုံးလက်မှတ်ရေးထိုးသွားနိုင်ဖို့ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြည်သူများထံ သတင်းစကားပါးခဲ့သည်။

## ၃.၁.၄။ Pride Month ထုတ်ပြန်ကြေငြာချက်

စစ်အာဏာသိမ်းမှုကို တက်ကြွစွာ ပါဝင်တွန်းလှန်နေကြသူများတွင် လိင်တူချစ်ခင်စုံမက်သူများ၊ LGBTIQ များ၊ ဆန့်ကျင်ဖက်လိင်ကဲ့သို့ ပြောင်းလဲဝတ်ဆင်ခံယူသူများ၏ အခန်းကဏ္ဍကို ဂုဏ်ပြုသည့်အနေဖြင့် Pride Month အထိမ်းအမှတ် ထုတ်ပြန်ကြေငြာချက်တစ်ရပ်ကို ဇွန်လ ၃၀ ရက်နေ့တွင် အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာနနှင့် ပူးတွဲ ထုတ်ပြန်ကြေငြာခဲ့ပြီး အစီရင်ခံစာတစ်စောင်လည်း ပူးတွဲ ထုတ်ပြန်ခဲ့သည်။

## ၃.၂.၅။ ကလေးသူငယ်အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ ထုတ်ပြန် ကြေငြာချက်

စစ်ကောင်စီမှ ကျူးလွန်နေသည့် အပြစ်မဲ့ကလေးသူငယ်များကို ရက်ရက်စက်စက် သတ်ဖြတ်ခြင်းနှင့် မတရားဖမ်းဆီးနှိပ်စက်ခြင်းကဲ့သို့သော ဆိုးရွားလှသည့် ကလေးသူငယ်အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်သည့် ထုတ်ပြန်ကြေငြာချက်တစ်ရပ်ကို အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာနနှင့် ပူးတွဲ ထုတ်ပြန်ကြေငြာခဲ့သည်။

### ၃.၁.၆။ ကိုဗစ်တတိယလှိုင်းတုန့်ပြန်လုပ်ဆောင်နေမှုနှင့် ပတ်သက်သည့် ထုတ်ပြန်ကြေငြာချက်

ဇူလိုင်လ ၁၃ ရက်နေ့တွင် ကိုဗစ်တတိယလှိုင်းကြောင့် မြန်မာနိုင်ငံ ပြည်သူများအပေါ် ကျန်းမာရေး အန္တရာယ်ကျရောက်နေမှုနှင့် ကာကွယ်ကုသ ရေးနှင့်ပတ်သက်၍ ကိုင်တွယ်ဆောင်ရွက်ရာတွင် အားနည်းချက်များစွာ ရှိနေသည့်အတွက် အထူးစိုးရိမ်မိကြောင်းထုတ်ပြန်ခဲ့သည်။ အာဏာသိမ်းစစ်ကောင်စီ အနေဖြင့် ကျန်းမာရေးဆိုင်ရာ ကူညီလုပ်ဆောင်နေသောအဖွဲ့များ အပေါ် နှောက်ယှက်ဟန့်တားနေမှုများ ကို ချက်ချင်းရပ်တန့်ပြီး လိုအပ်နေသော ဒေသများနှင့် ပြည်သူ များထံ ကျန်းမာရေးအကူအညီများရောက် ရှိစေရန်အတွက် ထောက်ပံ့မှုလမ်းကြောင်းများကို ဖွင့်ထားပေးရန် ပြင်းထန်စွာ သတိပေးခဲ့သည်။

## ၃.၂။ သတင်းအချက်အလက်များ

ဝန်ကြီးဌာနနှင့် ပူးပေါင်းလုပ်ဆောင်နေသည့် အရပ်ဖက်အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုဖြင့် အရေးကြီးသည့် သတင်းအချက်အလက်များကို ထုတ်ပြန်ကြေငြာမှုများ ပြုလုပ်ခဲ့ရာ မေလ ၂၆ ရက်နေ့တွင် သေဒဏ်ချမှတ်ခံရသည့် ကလေးငယ်များဆိုင်ရာ အချက်အလက်များ၊ ဇွန်လ ၃ ရက်နေ့တွင် စစ်အာဏာရှင် ဆန့်ကျင်ရေးတွင် ပါဝင်နေကြသည့် LGBTIQ များ၏ အခြေအနေအချက်အလက်များ၊ ဇွန်လ ၂၇ ရက်နေ့ တွင် စစ်အာဏာသိမ်းကာလအတွင်း သေဒဏ်ချမှတ်မှု အချက်အလက်များ၊ ဇူလိုင်လ ၃ ရက်နေ့တွင် မီဒီ ယာဖိနှိပ်မှုဆိုင်ရာ အချက်အလက်များ၊ ဇူလိုင်လ ၇ ရက်နေ့တွင် ဒီပဲယင်းသတ်ဖြတ်မှု အချက်အလက်များ၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ဇူလိုင်လ ၁၃ ရက်နေ့တွင် အသက် ဆုံးရှုံးစေသည်အထိ ညှဉ်းပန်းနှိပ်စက်မှုများနှင့် ပတ်သက်ပြီး ထုတ်ပြန်ကြေငြာနိုင်ခဲ့သည်။

# ၄။ မှတ်တမ်းနှင့် သုတေသနဌာန

လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာနသည် လူ့အခွင့်အရေးချိုးဖောက်မှုများကို စနစ်တကျ မှတ်တမ်းတင် သုတေသနပြုရန်အတွက် ဦးတည်ချက်ထားရှိသည့် ဝန်ကြီးဌာနဖြစ်သည့်အပြင် အရပ်ဖက်အဖွဲ့အစည်းများ နှင့် ပူးပေါင်းဆောင်ရွက်ရေးကို အထူးအရေးထားဆောင်ရွက်လျက်ရှိပါသည်။ မေလ ၁၈ ရက်နေ့တွင် ပြည်တွင်းပြည်ပရှိ လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ဆောင်ရွက်နေသည့် အရပ်ဖက်အဖွဲ့ အစည်းများ၊ နည်းပညာဆိုင်ရာ အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ အမျိုးသားညီညွတ်ရေးအစိုးရ ဝန်ကြီးဌာန တာဝန်ရှိသူများပါဝင်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့ပါသည်။

အရပ်ဖက်အဖွဲ့အစည်းများ၏ လူ့အခွင့်အရေးချိုးဖောက်မှု မှတ်တမ်းလုပ်ငန်းများအတွက် လိုအပ်မည့် အရင်းအမြစ်နှင့် နည်းပညာများကိုလည်း ရရှိနိုင်စေရန်အတွက် နိုင်ငံတကာမှ မိတ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်မှု လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် အမျိုးသားညီညွတ်ရေးအစိုးရ၏ ကဏ္ဍအလိုက် လူ့အခွင့်အရေးချိုးဖောက်မှု မှတ်တမ်းပြုစုရေးလုပ်ငန်းများအတွက် လိုအပ်သည့် ပညာရပ်ပိုင်းဆိုင်ရာ အကြံပြုချက်များ ပေးပို့ခဲ့ပါသည်။

## ၄.၁။ အခြေအနေ အစီရင်ခံစာများ

### ၄.၁.၁။ ကရင်နီပြည်နယ် အခြေအနေ

မေလအတွင်း ကရင်နီပြည်နယ်တွင် အာဏာသိမ်းစစ်အုပ်စုတပ်များနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များအကြား တိုက်ပွဲများဖြစ်ပွားပြီးနောက် အာဏာသိမ်းစစ်အုပ်စုတပ်များ၏ နယ်မြေခံပြည်သူများအပေါ် ချွင်းချက်မဲ့ ပစ်ခတ်မှုများ အကြမ်းဖက်မှုများဖြစ်ပွားခဲ့ပါသည်။ ထိုအခြေအနေနှင့် ပတ်သက်ပြီး အခြေအနေ အစီရင်ခံစာတစ်စောင်ကို မေလ ၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

### ၄.၁.၂။ LGBTIQ များ၏ အခြေအနေ

စစ်အာဏာသိမ်းမှုကို တက်ကြွစွာ ပါဝင်တွန်းလှန်နေကြသူများတွင် လိင်တူချစ်ခင်စုံမက်သူများ၊ LGBTIQ များ၊ ဆန့်ကျင်ဖက်လိင်ကဲ့သို့ ပြောင်းလဲဝတ်ဆင်ခံယူသူများလည်း ပါဝင်နေကြသည်မှာ သေချာပါသည်။ စစ်အာဏာရှင်ဆန့်ကျင်ရေးတွင် ပါဝင်ခဲ့ကြသည့် LGBTIQ များ၏ အခြေအနေအစီရင်ခံစာတစ်စောင်ကို ဇွန်လ ၃ဝ ရက်နေ့တွင် အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာနနှင့် ပူးတွဲထုတ်ပြန်ခဲ့ပါသည်။

# ၅။ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဌာန

နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဌာနအနေဖြင့် ပြင်ပအကြံပေးများကို ဖိတ်ခေါ်နိုင်ရန်အတွက် ဖိတ်ခေါ်စာများကို ဌာနအတွင်းမှ ပါဝင်သူများ၏ အကြံပြုချက်များကို ရယူ၍ ရေးဆွဲခဲ့ပါသည်။ ဩစတေး

လျနိုင်ငံ အတိုက်အခံပါတီဖြစ်သည့် လေဘာပါတီခေါင်းဆောင်နှင့် တွေ့ဆုံခဲ့ပြီး အမျိုးသမီးအရေး၊ အထူးသဖြင့် အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့သည်။ ဩစတေးလျနိုင်ငံတွင် မြန်မာ့အရေးနှင့် ပတ်သက်ပြီး အာဏာရနှင့် အတိုက်အခံ နှစ်ပါတီလုံးမှ ထောက်ခံမှု ရရှိစေရေး ဆောင်ရွက်လျက်ရှိသည်။

ယာယီသမ္မတနှင့် ဩစတေးလျအသိုင်းအဝိုင်း တွေ့ဆုံဆွေးနွေးပွဲကိုလည်း တက်ရောက်ခဲ့သည်။

နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဌာန မြန်မာ့ရေးရာအလုပ်အဖွဲ့ လက်ထောက်အတွင်းဝန်နှင့် တွေ့ဆုံဆွေးနွေးပြီး ပဋိပက္ခဖြစ်ပွားနေသည့် ဒေသများနှင့် အကျဉ်းထောင်များတွင် အမျိုးသမီးများ ရင်ဆိုင်ကြုံတွေ့ရသည့် အကြမ်းဖက်ခံရမှုများကို တင်ပြခဲ့သည်။ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရာတွင် အမျိုးသမီးများ၏ အခြေအနေ၊ လိုအပ်ချက်များ ထည့်သွင်းစဉ်းစားနိုင်ရေးအတွက် အကြံပြုချက်များ ပေးနိုင်ရန် တိုက်ရိုက်ဆက်သွယ်မှု လမ်းကြောင်းကို ဖွင့်လှစ်ထားသည်။ '

ကုလသမဂ္ဂအထွေထွေညီလာခံတွင် အသိအမှတ်ပြုခံရစေရေးအတွက်လည်း ဝန်ကြီး၊ ဒုဝန်ကြီးများနှင့်အတူ တိုက်ရိုက်ပါဝင် ဆောင်ရွက်လျက်ရှိသည်။

## ၆။ ဥပဒေရေးရာဌာန

လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနသည် လူ့အခွင့်အရေးနှင့် မကိုက်ညီသည့် တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်ခြင်းကိုလည်း လုပ်ငန်းရည်မှန်းချက်တစ်ရပ်အနေဖြင့် ထားရှိရာ ကနဦးနေဖြင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေကို ပြန်လည်ဆွေးနွေးသုံးသပ်မှုကို စတင်ဆောင်ရွက်လျက်ရှိသည်။

## ၇။ နိဂုံး

လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနသည် လူအင်အားနှင့် အရင်းအမြစ် သုံးစွဲမှုကျစ်ကျစ်လစ်လစ်ဖြင့် စုဖွဲ့ ဆောင်ရွက်နေသော်လည်း ဆက်စပ်နေသည့် ဝန်ကြီးဌာနများ၊ လူ့အခွင့်အရေး ချိုးဖောက်မှုများကို မှတ်တမ်းတင်ခြင်းနှင့် အရေးဆိုခြင်းများတွင် တက်ကြွစွာ ဆောင်ရွက်နေသည့် အရပ်ဖက်အဖွဲ့အစည်းများနှင့် နိုင်ငံတကာ မိတ်ဆွေ အသိုက်အဝန်းများ၏ ပံ့ပိုးအားဖြည့်မှုကြောင့် အထက်ဖော်ပြပါလုပ်ငန်းစဉ်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း မှတ်တမ်းတင်အပ်ပါသည်။